ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
တန့်ယန်းမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၈–၂၀၁၉)

(Village Development Project)

မန်ကောင်းမှူးကျေးရွာအုပ်စု ၊ နောင်ချိုကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်ချိုကျေးရွာ၊ တန့်ယန်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ ဇူလိုင်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၄
	နောင်ချိုကျေးရွာသယံဇာတပြမြေပုံ၊ တန့်ယန်းမြို့နယ်	၆
	နောင်ချိုကျေးရွာရာသီခွင်ပြပြကွဒိန်၊ တန့်ယန်းမြို့နယ်	၇
	နောင်ချိုကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊တန့်ယန်းမြို့နယ်	၈

အပိုင်း(က) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။	**တည်နေရာနှင့်ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၉
၃။	**လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၀
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	၁၁
၅။	**စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**	၁၁
	(က) သီးနှံစိုက်ပျိုးရေး	၁၁
	(ခ) မွေးမြူရေးလုပ်ငန်း	၁၂
	(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၁၂
	(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၃
	(င) ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက်	၁၃
	(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ	၁၃
၆။	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	၁၃
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၃
	(ခ) ကျေးရွာမီးလင်းရေး	၁၃
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၄
၇။	**ပညာရေး**	၁၄

၈။	**ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**	၁၄
၉။	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၅
၁၀။	**ကျား/မရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၅
၁၁။	**ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**	၁၅
၁၂။	**ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး**	၁၅
၁၃။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၇

အပိုင်း(ခ)စီမံချက်ဆိုင်ရာအချက်အလက်

	စီမံချက်အဆိုပြုလွှာ(၁)	၁၈
	နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးကော်မတီဝင်များ စာရင်း	၂၀
	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၁
	နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၆၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ ဘဏ္ဍာရေးနှစ် မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည် ။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကွန်ပ်တို့ကျေးရွာတွင် ကွန်ပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူပေါင်းပါဝင်ဆောင်ရွက်သည့်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေး

ခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေ ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နောင်ချိုကျေးရွာ
တန့်ယန်းမြို့နယ်




Scanned with CamScanner



နောင်ချိုကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

လုပ်ငန်းအမျိုးအမည် / လ	Jan	Feb	mar	Apr	may	Jun	July	Aug	Sep	oct	nov	Dec
ရာသီဥတု	အေး	အေး	နွေး	နွေး	နွေး	မိုးသည်း	မိုးသည်း	မိုးသည်း	အေး	အေး	အေး	အေး
စိုက်ပျိုးရေး	-					ပြောင်းစပါး	ပြောင်းစပါး	လယ်စပါး	လယ်စပါး	လယ်စပါး	ဂျုံကောင်း	ဂျုံကောင်း
တိရစ္ဆာန်မွေးကြက်ဖြူမွေး					ဆီးနှင်းမှုကာကွယ်							
ဝင်ငွေရှာဖွေမှု	များ	များ	များ	များ	နည်း	နည်း	နည်း	နည်း	နည်း	နည်း	များ	များ
ဧည့်သည်ဧည့်ခံမှု	နည်း	နည်း	နည်း	နည်း	နည်း	များ	များ	များ	များ	များ	နည်း	နည်း
သဘာဝဘေး	-	-	-	-	-	-	-	-	-	-	-	-
မှတ်စု				တဖွဲဖွဲမိုး						သီးနှံအများစုရိတ်သိမ်း		

Scanned with CamScanner



Scanned with CamScanner

အပိုင်း(က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

နောင်ချိုကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင် ၊ တန့်ယန်းမြို့နယ်၊မန်ကောင်းမှူး ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာဖြစ်ပါသည်။ တန့်ယန်းမြို့နှင့် (၄၀)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ကျေးရွာ၏ ရာသီဥတုအနေအထားမှာ အေးမြစိုစွတ်သောရာသီဥတု ဖြစ်ပါသည်။ ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေကမှာ ယာမြေ၊ တောင်ယာမြေ၊ ဥယျဉ်ခြံမြေစုစုပေါင်း (၂၅၉) ဧကရှိပါသည်။ ယာမြေ/တောင်ယာမြေ လုပ်ကိုင်သူ များပြားပါသည်။ မြေလွတ်မြေလပ်တွင် လုပ်ကိုင်သူ မရှိကြောင်းလည်းလေ့လာတွေ့ရှိရသည်။ ကျေးရွာ၏ယာမြေများသည် မြေဆီ ၊ မြေဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ နွား၊ ဝက် ၊ ကျွဲနှင့် ကြက် ကို အဓိကမွေးမြူကြပြီး ကျေးရွာတွင်းရှိ ကျွဲ ၊ နွားများခွာနာ ကျချိန်တွင်ဆေးဘက်ဝင်အပင်များကိုသာ ထုထောင်း၍သဘာဝဆေးနည်းဖြင့် ကုသကြပါသည်။ သဘာဝဆေးဘက်ဝင်အပင်များမှာ တောတောင်များတွင်ပေါက်ရောက်နေသောကြောင့် အသုံးချနိုင်မှု အနည်းငယ်ခက်ခဲပါသည်။ ကျွန်ုပ်တို့ရွာအနီးတောတောင်များတွင် သစ်နှင့်ဝါး ၊ ဆေးဘက်ဝင် အပင်များနှင့် နှစ်ရှည်ပင်များ ရှိပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

နောင်ချိုကျေးရွာတွင် အိမ်ထောင်စု(၁၃၇)အိမ်ရှိပြီး ၊ ပလောင်လူမျိုးများ နေထိုင်ကြပါသည် ။လူဦးရေစုစုပေါင်း (၇၁၅)ဦးဖြစ်ပြီး ဘျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ထက်မနည်းဦးရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် တစ်နှစ်အောက်နို့စို့အရွယ်ကလေး ကျား(၁၁) ဦး၊ မ (၄) ဦး၊ ၅နှစ်အောက် ကလေး ကျား(၂၃) ၊ မ (၄၁) ၊ မူလတန်းကျောင်းသားအရွယ် ၅ နှစ်မှ ၉နှစ် ကျား(၄၇)ဦး ၊ မ(၅၇) ဦး၊၁၀နှစ်မှ ၁၄နှစ် အလယ်တန်းကျောင်းသားအရွယ် ကျား(၅၄)ဦး ၊မ (၅၈)ဦး ၊ ၁၅နှစ်မှ ၆၄နှစ်အလုပ်လုပ်နိုင်သောအရွယ် ကျား(၂၀၉)ဦး ၊ မ (၂၀၃)ဦးနှင့် သက်ကြီးရွယ်အို ကျား(၃)ဦး ၊

မ(၅)ဦးရှိပါသည်။ကလေးများအားလုံး အသက်(၆)နှစ်ပြည့်လျှင် မူလတန်းပညာကို သင်ယူကြရမည်ဆို သော်လည်းတတ်ရောက်သူနည်းပါးနေသေးသည်။ကျေးရွာရှိ လူငယ်လူရွယ်များသည်အများအားဖြင့် အခြားသများ သွားရောက်အလုပ်လုပ်ကိုင်ကြသူများလည်း ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်တော်တို့ပန်ပွဲကျေးရွာသည် စိုက်ပျိုးရေး နှင့် မွေးမြူရေးကိုအဓိကစီးပွားရေးအဖြစ်လုပ်ကိုင် ကြသည်။ ကျေးရွာ၏ စိုက်ပျိုးနိုင်သောမြေကမှာ ယာမြေ/တောင်ယာမြေ စုစုပေါင်း (၂၉၄) ဧက ရှိပါသည်။ ယာမြေလုပ်ကိုင်သူများပြားပါသည်။ လယ်မြေလုပ်ကိုင်သူ နည်းပါးကြောင်း လေ့လာ တွေ့ရှိရသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ နောင်ချို့ရွာတွင် မြေလွတ်မြေလပ် မရှိပါ။ တောင်ယာမြေစိုက်ပျိုးရာတွင် စိုက်ပျိုးရေ အဖြစ် မိုးရေကိုသာအားထား၍ စိုက်ပျိုးရပါသည်။ စပါးကို မိသားစုစားသုံးရန်အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ အိမ်တွင်စားသုံးရန်ပြောင်း ကိုလည်းတစ်ပိုင်တစ်နိုင်စိုက်ပျိုးကြသည်။ အိမ်ထောင်စု အများစုသည် တောင်ယာလုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ကြသည်။ တောင်ယာလုပ်ငန်းအတွက်နေ့စားအလုပ်သမား ငှားရမ်းရာတွင် အမျိုးသားတစ်ဦးလျှင် (၃၀၀၀)မှ(၃၅၀၀)ကျပ်ထိရရှိပြီး အမျိုးသမီးတစ်ဦးလျှင် (၂၀၀၀)ကျပ်မှ(၂၅၀၀)ကျပ်ထိသာရရှိကြသည်။အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ကြသူများ လည်းရှိပါသည်။ကျွန်ုပ်တို့ကျေးရွာ၏ အခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်သုံးသပ်အကဲဖြတ်သောနည်းလမ်းများအရ အဆင်ပြေသောအိမ်ထောင်စု (၄၁.၇) ရာခိုင်နှုန်း ၊အလယ်အလတ်ရှိသောအိမ်ထောင်စု(၂၉.၈)ရာခိုင်နှုန်း၊မပြေလည်သောအိမ်ထောင်စု(၂၈.၃)ရာခိုင်နှုန်း ရှိပါသည်။အဆင်ပြေသောအိမ်ထောင်စုများမှာမြေယာပိုင်ဆိုင်မှုများပြားပြီးအလွန်ကောင်းသော အိမ် ပိုင်ဆိုင်ခြင်း၊ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှုရှိခြင်း၊စီးပွားရေးအလွန်အဆင်ပြေခြင်းကြောင့်အဆ င်ပြေသော အိမ်ထောင်စုအဖြစ်သတ်မှတ်ကြသည်။အလယ်လတ်ရှိသောအိမ်ထောင်စုများမှာလယ်နှင့် ယာပိုင်ပြီး တိုက်အိမ်ဖြင့် နေထိုင်နိုင်သော အိမ်ထောင်စုများ ဖြစ်သည်။ မပြေလည်သော အိမ်ထောင်စု များမှာမြေယာပိုင်ဆိုင်မှု နည်းပြီး စီးပွားရေးဝင်ငွေ နည်းပါးခြင်းကြောင့် မပြေလည်သောအိမ်ထောင် စုများဖြစ်သည်။နောင်ချို့ကျေးရွာ၏ (၁၄.၃)ရာခိုင်နှုန်းသည် မြေယာမဲ့သူများဖြစ်ပြီးဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။တစ်နေ့လုပ်တစ်နေ့စားများ ဖြစ်ကြသည်။။ တောင်သူငယ်(၁၁.၉)%နှင့် တောင်သူ လတ်(၁၄.၉)%ရှိကြသည်။ တောင်သူကြီးများ မရှိကြောင်းတွေ့ရှိရသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်းကြောင့် သစ်တောများပြုန်းတီးမှု ရှိပါသည်။မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများမရှိခြင်း၊ခြင်ထောင်ဖြင့် မအိပ်ခြင်းတို့ကြောင့်ငှက်ဖျား ရောဂါဖြစ်ပွားမှု အနည်းငယ်ခံစားရလေ့ရှိသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် လမ်းများချို့ခွက် ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။ စားဝတ်နေရေးအတွက် အခြားဒေသသို့ ရွှေ့ပြောင်း လုပ်ကိုင်ကြသော်လည်း အလုပ်အာမခံချက် မရှိသောကြောင့် ထိခိုက်လွယ်မှုမြင့်သည်။ ရာသီဥတု မှာ ပတ်ဝန်းကျင်ရွာတွေထက် အအေးပိုပါသည်။ ကျေးရွာတွင်အမျိုးသမီးဦးဆောင်သည့်အမျိုးသမီး ဦးဆောင်လုပ်ငန်းများ ထိခိုက်မှုမရှိပါ ။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ လူငယ်အဖွဲ့ ၊ လူမှုရေးအဖွဲ့ ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ၊ သာရေး/နာရေးအဖွဲ့များရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေး ရွာရှိ လူငယ်အဖွဲ့များသည်ရပ်ရွာအကျိုးများကို ရွာသူရွာသားများနှင့်အတူ အားတက်သရောဆောင် ရွက်ကြပါသည်။ နောင်ချိုကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ မရှိပါ ။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်သော ကျေးရွာဖြစ်သည်။ တောင်ယာစိုက်ပျိုးမြေ၈၀ စုစုပေါင်း(၂၉၄)၈၀ ရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ပြောင်း ၊ စပါး ၊ အများစုစိုက်ပျိုးပြီး တောင်ယာစပါး များကိုအများစု လုပ်ကိုင်ကြသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပြီး သီးနှံအထွက်နှုန်းအဆင်ပြေပါသည်။ ၂၀၁၉ခုနှစ်တွင် ပြောင်းဈေးကွက် ကျဆင်းခြင်းကြောင့် စားဝတ်နေရေးခက်ခဲမှုများရှိပါသည်။ အချို့တောင်သူများသည်တောင်ယာမြေ များရှိသော်လည်း အရင်းအနှီးမလုံလောက်ခြင်း ၊ အလုပ်သမားငှားရမ်းခ မတတ်နိုင်ခြင်းများကြောင့် မစိုက်ပျိုးနိုင်ကြပါ။ ပေါင်းသတ်ဆေးနှင့် ၊ မြေဩဇာများ မသုံးနိုင်ခြင်းကြောင့် သီးနှံအထွက်နည်းပါး သည်။ ကျေးရွာမှ ထွက်ရှိသောသီးနှံများကို ရွာတွင်းနှင့် တန့်ယန်းမြို့ပေါ်ရှိ ပွဲရုံများ၌ သွားရောက် ရောင်းချရပါသည်။ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှုမှာစက်ကိရိယာပိုင်ဆိုင်သည့်အိမ်ထော င်စုအနည်းငယ်သာရှိပြီး အများစုမှာနီးစပ်ရာရွာမှာငှားရမ်းအသုံးပြုကြသည်။ထိုသို့ငှားရမ်းသုံးစွဲရာတွင် ငှားရမ်းခမယူဘဲ ဝိုင်းလုပ်ဝိုင်းစားသဘောဖြင့်သာ ကူညီဆောင်ရွက်ကြပါသည်။ တစ်ချို့သောအိမ် ထောင် စုများသည် စက်ကိရိယာများဝယ်ယူရန် ငွေကြေးမတတ်နိုင်ခြင်းကြောင့်မိမိလုပ်အားဖြင့်သာ

ကြိုးစားစိုက်ပျိုးကြသည်။ ကျေးရွာ၏ ရာသီဥတုမှာ အအေးလွန်ကဲခြင်း ဖြစ်တတ်ပါသည်။ တောင်သူများသည်အရင်းအနှီးမတတ်နိုင်ခြင်း ၊ နည်းပညာဝန်ဆောင်မှုများ မရရှိခြင်းကြောင့် ယာမြေများကို ပြည့်ဝစွာအသုံးချနိုင်မှုမရှိပါ။ လိုအပ်သည့်အချိန်တွင်ချေးငွေများအလွယ်တကူမရရှိနိုင်ပါ။ မြို့နှင့် (၄၂) မိုင် ခန့်ဝေးကွာသဖြင့်အခက်အခဲအနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးနည်းပညာအုပ်ချုပ်ရေးပိုင်း ဆိုင်ရာဝန်ဆောင်မှုများမရရှိနိုင်ပါ။ ဖျက်ပိုးနှင့်ရောဂါများလည်း အသင့်အတင့်ကျ ရောက်ပါသည်။ စိုက်ပျိုးရေးအဖြစ် မိုးရေကိုသာအဓိကအားကိုး၍ စိုက်ပျိုးရပါသည်။ စိမ့်စမ်းရေသည် နွေရာသီ၌ ရေထွက်နှုန်းနည်းခြင်း၊ သုံးစွဲသူများပြားခြင်းကြောင့်မိုးရေကိုသာ အားထား၍ စိုက်ပျိုးကြသည်။ စိမ့်စမ်းရေခမ်းခြောက်သွားသည့် အခြေအနေမရှိပါ ။ နွေရာသီတွင် ရေထွက်နှုန်း လျော့နည်းခြင်းသာဖြစ်သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်ုပ်တို့ကျေးရွာတွင် ကျွဲ၊နွားများကို စိုက်ပျိုးရာသီတွင်တောထဲ၌လွတ်ထားပြီး ထိန်းကျောင်းမွေးမြူကြပါသည်။ သီးသန့်စားကျက်မြေဟူ၍ မရှိပါ။ ကြက် ၊ဝက်များကို အိမ်ခြံဝင်းအတွင်း၌ခြံခတ်၍ မွေးမြူကြသည်။ ကြက်နှင့်ဝက်ကို ပိုမွေးမြူကြသည်။ မြင်း မွေးမြူမှု အလွန်နည်းပါးကြောင်း တွေ့ရှိရသည်။ တိရစ္ဆာန်များအား ကြိုတင်ကာကွယ်ဆေးထိုးနှံမှုမရှိပါ ။ ရောဂါဖြစ်ပွားမှသာသဘာဝနည်းဖြင့် သာကုသကြသည်။ တိရစ္ဆာန်နှင့်ပတ်သတ်သော အလွယ်တကူ မရရှိနိုင်။ စားကျက်မြေ ရှားပါးခြင်း ၊ မွေးမြူရေးအစာနှင့်ဆေးဝါးစသည်တို့ကို ဝယ်ယူသုံးစွဲရသောကြောင့် အကျိုးအမြတ်နည်းပါးသည် ။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား မိမိခြံဝင်းအတွင်း ခြံခတ်၍ မွေးမြူကြသည် ။မွေးမြူရေးအတွက် ချေးငွေများရရှိလာမည်ဆိုပါက လက်ရှိမွေးမြူရေးထက်ပိုမို ကျယ်ပြန့်စွာ မွေးမြူလာနိုင်မည်ဖြစ်သည်။ မွေးမြူရေးအတွက် လိုအပ်သော ဓာတ်မြေဩာ ၊ ပိုးသတ်ဆေးများကို တန့်ယန်းမြို့ပေါ်သို့သွားရောက်ဝယ်ယူရသည်။ တိရစ္ဆာန်များ၏ သောက်သုံးရေသုံးရေများကို စိမ့်စမ်းရေထွက်မှ ခပ်ယူ သုံးစွဲရသည်။ ဝက် နွား များကိုအကောင်ကြီးသေးပေါ်မူတည်၍ ပေါက်စျေးနှုန်းအတိုင်းရောင်းချရသည်။မွေးမြူရေးနှင့် ပတ်သတ်သောနည်းပညာများ နည်းလမ်းများ အားနည်းသောကြောင့် မိရိုးဖလာနည်းများကိုဆက်လက်ကျင့်သုံးကြသည်။ ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှုများရရှိခဲ့လျှင် ပို၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဟု သုံးသပ်မိသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျွန်ုပ်တို့ နောင်ချိုကျေးရွာတွင် စားဝတ်နေရေးအတွက် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူနည်းပါးပြီး စိုက်ပျိုးမွေးမြူရေးကိုသာ အဓိကထားလုပ်ကိုင်ကြသည်။ ထို့ကြောင့်ဝင်ငွေရလုပ်ငန်းများမှာလည်း ပြောင်းလဲမှုများနှင့် ရင်ဆိုင်နေရသည်။

ကျွန်ုပ်တို့ နောင်ချိုကျေးရွာသည် တန့်ယန်းမြို့နှင့် (၄၂) မိုင်ကွာဝေးပြီးလမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပြီး မိုးရာသီတွင် အနည်းငယ်ခက်ခဲပါသည်။ ထုတ်ကုန်လုပ်ငန်းများအတွက် ကျေးရွာတွင်စျေးကွက်မရှိသေးပါ။နောင်ချိုကျေးရွာတွင်ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများအ တွက် စျေးကွက်လက်လှမ်းမှီမှု အလှမ်းဝေးနေသေးပါသည်။ ကျေးရွာတွင် ချေးငွေလုပ်ငန်းများမရှိပါ။၂၀၁၉ ခုနှစ်အထိ လျှပ်စစ်မီးမရရှိသေးပဲ ဆိုလာစနစ်ကိုသာ အသုံးပြုနေကြသည်ကို တွေ့ရှိရသည်။အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်မှုအားနည်းပါသည်။ ဒေသထွက်ကုန်များရောင်းချရန် စျေးကွက်အခြေအနေကိုသိရှိမှုအားနည်းသည်။ ကျေးရွာတွင် စက်ရုံအလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရန် စိုက်ပျိုးမွေးမြူရေးကိုသာ အဓိကထားလုပ်ကိုင်ကြသည်။ အသက်မွေးဝမ်းကျောင်းပညာနှင့် နည်းပညာဆိုင်ရာဝန်ဆောင်မှုများ လိုအပ်လျက်ရှိသည်။

(ဃ) **ရွှေ့ပြောင်းလုပ်သားများ**

ကျွန်ုပ်တို့ နောင်ချိုကျေးရွာတွင်ပြည်တွင်း၌ ရွှေ့ပြောင်းလုပ်သားများသာရှိပါသည်။ဥပမာ ပြောင်းဖူးချိုးလိုက်ခြင်း၊ စားဝတ်နေရေးအတွက် အလုပ်ထွက်လုပ်ခြင်းများသာရှိပါသည်။

(င) **ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက်**

နောင်ချိုကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးကို အဓိကထားလုပ်ကိုင်သော်လည်း တောင်ပေါ်ဒေသဖြစ်သည့်အတွက်ငါးမွေးမြူခြင်းလုပ်ငန်းမရှိပါ။ဒေသထွက်ကုန်များကို ကျေးရွာနီးသောစျေးကွက်ဖြစ်သည့် မန်ပန်နှင့် မန်ကတ်ကျေးရွာစျေးသို့ ဆိုင်ကယ်များဖြင့် သွားရောက်ရောင်းချကြပါသည်။ စျေးကွက်ကြီးတစ်ခုဖြစ်သော တန့်ယန်းမြို့ပေါ်စျေးသည် ကျေးရွာနှင့် (၄၂) မိုင်ခန့်လားရှိုးစျေးနှင့် (၉၀)မိုင်ခန့် ကွာဝေးသဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများမှာ စျေးကွက်လက်လှမ်းမှီမှုအလှမ်းဝေးပါသည် ။

(စ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျွန်တော်တို့ကျေးရွာရှိတောင်ယာလုပ်သူများသည် မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် အတိုးမဲ့ဖြင့် ချေးငွေရယူကြပါသည် ။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့် အချိန်တွင် လိုအပ်သလောက်ချေး

နိုင်ရန် မလွယ်ကူပေ ။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးယာဉ်များ အဖြစ် မော်တော်ဆိုင်ကယ် ၊ ထော်လာကျီ၊ ကား များကို အသုံးပြုနေကြကြောင်းတွေ့ရှိရသည်။ရွာတွင်းလမ်းသည် မိုးရေကြောင့်လမ်းချော်ခြင်း၊ လမ်းများပျက်စီးခြင်းများကြောင့်အခက်အခဲများနှစ်စဉ်ကြုံတွေ့နေရပါသည်။သို့သော်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဦးဆောင်ကူညီမှုဖြင့်ကျေးရွာတွင်းကွန်ကရစ်တံတား ဖြစ်ပြောင်းလဲခင်းပေးခဲ့ပြီးဖြစ်ပါသည်။ကျေးရွာ၏ ရွာချင်းဆက်လမ်းများသည် မြေသားလမ်း ဖြစ်ပြီးတံတားသည် သစ်သားတံတား ကို အသုံးပြုကြသည်။

(ခ) ကျေးရွာမီးလင်းရေး

၂၀၁၉ခုနှစ်အထိ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာဖြစ်ပါသည်။လက်ရှိတွင်ဆိုလာစနစ်၊ ဘတ်ထရီဖယောင်းတိုင်များကိုသာအသုံးပြုနေဆဲ ဖြစ်ပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် အလွယ်တကူမရရှိနိုင်သော ကျေးရွာဖြစ်ပါသည်။ ဥပမာ - ဖုန်း ၊ ရေဒီယို ၊ တီဗွီအသုံးပြုမနိုင်သေးကျေးရွာဖြစ်သည်။ အင်တာနက်ဝန် ဆောင်မှုမှာလည်း မကောင်းမွန်ပါသည်။

၇။ ပညာရေး

ကျွန်ုပ်တို့ကျေးရွာနောင်ချို့ကျေးရွာတွင်စာတတ်မြောက်မှုအားနည်းပါသည်။ကျေးရွာတွင်အခြေခံပညာမူလတန်းကျောင်းရှိ။ ဘာသာစကားအခက်အခဲ၊ စားဝတ်နေရေး အခက်အခဲကြောင့် အလယ်တန်းကျောင်းသို့ ပညာဆက်၍ သင်ကြားနိုင်သူနည်းပါးကြောင်းတွေ့ရှိရသည်။ မိဘများ၏ ပညာရေးအားပေးမှုအားနည်းခြင်းကြောင့်သော်လည်းကောင်း၊ စားဝတ်နေရေးအဆင်မပြေမှုကြောင့် သော်လည်းကောင်း၊ပတ်ဝန်းကျင်၏ လက်တွဲကူညီအားပေးမှုအားနည်းခြင်းကြောင့်လည်းကောင်း၊ အဆင့်မြင့်ပညာရေးကိုဆက်၍မသင်ကြားနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။နောင်ချို့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အစိုးရခန့်ဆရာမ (၁) ဦးနှင့်ကျေးရွာခန့်ဆရာမ(၁)ဦးရှိပါ သည်။မြို့ကျောင်းများနှင့် ယှဉ်လျှင်လိုအပ်ချက်များစွာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ကျွန်တော်တို့ရွာတွင် ဘွဲ့ရပညာတတ်

အလွန်နည်းပါးသည်။ မူလတန်းပညာကိုတက်ရောက်သူဦးရေများပြီး အလယ်တန်းကျောင်းနှင့် အဆင့်မြင့်ပညာတတ်မြောက်နိုင်သူဦးရေနည်းပါးပါသည်။ ကျောင်းသားမိဘများသည် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရသည့် အတွက် သား/သမီးများ၏ ပညာရေးကို မကြည့်ရှုနိုင်ပေ။ ကျောင်းသား ကျောင်းသူများသည် မူလတန်းပညာသင်ယူပြီးပါက မိဘများနှင့်အတူ ယာလုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ ဆက်လက်ပညာသင်ကြားချင်သော်လည်း အဆင်မပြေသည့်မိဘများကို ကူညီခြင်း ၊ အခြားနေရာဒေသများသို့ သွား၍ အလုပ်လုပ်ကိုင်ကြပါသည်။ အထက်တန်းကျောင်းသည် ရွာနှင့် (၄၂) မိုင်ခန့်ဝေးကွာသော တန့်ယန်းမြို့တွင် တည်ရှိပါသည်၊နေထိုင်ရန်ခက်ခဲခြင်း နှင့်ငွေကြေးမတတ်နိုင်ခြင်း များကြောင့် ရွာနှင့်အဝေးသို့ သွားရောက်ပညာသင်ကြားနိုင်ရန် ခက်ခဲပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်ုပ်တို့နောင်ချို့ကျေးရွာသည်အခြားကူးစက်နိုင်သော ရောဂါများမရှိသောကျေးရွာဖြစ်ပါသည်။ ရာသီအလိုက်ဖြစ်တတ်သော အဖျားရောဂါ နှင့် သွေးတိုးစသည့်ရောဂါများ ဖြစ်ပွားမှုများပြားကြောင်းလေ့လာတွေ့ရှိရသည်။နောင်ချို့ကျေးရွာတွင် ကျန်းမာရေး အထောက်အပံ့များနှင့်ဝန်ဆောင်မှုအသင့်အတင့်ရှိပြီး အနီးနားရှိ မန်ကောင်းမှူးကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသည်။Covid-19ရောဂါကာကွယ်ဆေးအနည်းငယ်သာ ထိုးနှံပြီးဖြစ်သည်။ ကျေးရွာနှင့်ကျေးလက်ဆေးပေးခန်းသည် (၂)မိုင်ခန့်ကွာဝေးပါသည်။ကြီးမားတဲ့ရောဂါများအတွက် တန့်ယန်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ သန့်ရှင်းသောသောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါသည်။ကျေးရွာတွင် အများအားဖြင့် ဇလားအိမ်သာများကိုသာ အသုံးပြုကြပြီး ယင်လုံအိမ်သာ အနည်းငယ်သာ အသုံးပြုကြသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

နောင်ချို့ကျေးရွာသည် စိုက်ပျိုးမွေးမြူရေးကို လုပ်ကိုင်သောရွာဖြစ်သောကြောင့်စိုက်ပျိုးသည့်အချိန်တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ထည့်သုံးရပါသည်။တောင်ယာလုပ်ကိုင်ခြင်းကြောင့် တောမီးရှို့မှုများရှိခြင်းကြောင့် သစ်တောပြုန်းတီးမှုများ ရှိပါသည်။ သစ်ပင်ခုတ်လှဲမှုများ၍ သဘာဝအပင်မျိုးစိတ်များ ပြုန်းတီးမှုများသောကြောင့် အပင်မျိုးစိတ်များပျက်သုဉ်းမှုအန္တရာယ်များ ဖြစ်ပေါ်နိုင်သည်။ အမှိုက်များကို မီးရှို့ဖျက်စီးကြသလို ချောင်း မြောင်းတွင်လည်းစွန့်ပစ်ကြသည်။ အမှိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများရှိစေရန် အသိပညာပေးမှုများ လိုအပ်သည်။

၁၀။ **ကျား၊မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာရှိ အမျိုးသမီးများမှာ စာပေပညာအားနည်းမှုကြောင့် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်များတွင်လည်းကောင်း ၊ အခြားကဏ္ဍအုပ်ချုပ်မှုများတွင်လည်းကောင်း အမျိုးသမီးများသည် ပါဝင်နိုင်မှုအားနည်းပါသည်။ဘာသာစကား မတက်စာပေမတက်မြောက်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ဖြစ်ကြောင်းတွေ့ရပါသည်။ သာရေး/နာရေး ချက်ပြုတ်ရေးကိစ္စရပ်များတွင် အမျိုးသားများထက်ပို၍ စွမ်းဆောင်နိုင်ကြသည်။ အမျိုးသမီးဦးဆောင် သောအိမ်ထောင်စုမှာနည်းပါးသည်။

၁၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအနေဖြင့် သာရေး ၊ နာရေး လုပ်ငန်းများတွင် လည်းကောင်း ၊ လူမှုရေးလုပ်ငန်းများတွင်လည်းကောင်း ဘာသာရေးလုပ်ငန်းများတွင်လည်း ပါဝင်လုပ်ဆောင်မှုများ ရှိကြပါသည်။ သို့သော် ကျန်းမာရေးနှင့် သက်ဆိုင်သော အားကစားကွင်းများ၊ အသိပညာနှင့်သက်ဆိုင်သော စာကြည့်တိုက်များ ရိပ်သာများ မရှိခြင်းကြောင့် ဖွံ့ဖြိုးရေးအတွက် အားနည်းမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်ုပ်တို့ နောင်ချိုကျေးရွာတွင် လူကုန်ကူးမှု ၊ ခိုးမှု ၊ မူးယစ်ဆေးသုံစွဲမှုနှင့် အမျိုးသမီးများအားအကြမ်းဖက်မှုများမရှိပါ။နောင်ချိုကျေးရွာတွင်လုံခြုံရေး အခြေအနေမှာကောင်းမွန်ပါသည်။ မှုခင်းဖြစ်ပွားမှု မရှိသလောက်နည်းပါးသော ကျေးရွာဖြစ်သည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက်(Project)	ဦးစားပေး အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ကွန်ကရစ်တံတား(၂)စင်း	၁	✓				
၂	ကျောင်းစာသင်ခုံ အစုံ(၅၀)စုံ	၂		✓			
၃	ကျောင်းယင်လုံအိမ်သာဆောက်လုပ်လိုခြင်း	၃			✓		
၄	ကျောင်းခြံစည်းရိုး(အုတ်တံတိုင်း)	၄				✓	
၅	စာသင်ကျောင်းပြုပြင်လိုခြင်း	၅					✓

အပိုင်း(ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (၁) ပန်ပွဲကျေးရွာ

ကျေးရွာ	- နောင်ချိုကျေးရွာ
ကျေးရွာအုပ်စု	- မန်ကောင်းမှူးကျေးရွာအုပ်စု
မြို့နယ်	- တန့်ယန်းမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည် - ကျေးရွာတွင်းကွန်ကရစ်တံတား(၂)စင်းဆောက်လုပ်ရန်	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာနေပြည်သူများအမြဲတမ်းသွားလာရသောတံတားဖြစ်ပါသည်။ယင်းတံတားမှာလက်ရှိလူသွားလာနိုင်လောက်သာ သစ်တားတံတားဖြစ်ပါသည်။ • စီးပွားရေးအတွက်ရောင်းဝယ်ဖောက်ကားရာတွင်အခက်အခဲများဖြစ်စေပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • ကွန်ကရစ်တံတားတည်ဆောက်ဆောက်ခြင်းဖြင့်ကျေးရွာချင်းအလွယ်တကူဆက်သွယ်သွားလာနိုင်ခြင်း စိုက်ပျိုးသီးနှံများကားဖြင့်သယ်ယူပို့ဆောင်နိုင်ခြင်းတို့ဖြစ်ပါသည်။ • ကျောင်းသားကျောင်းသူများ ပညာသင်ယူမှုတွင် သွားလာရလွယ်ကူစေရန်၊	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)** • ကွန်ကရစ်တံတားတည်ဆောက်ခြင်းဖြင့် ကျေးရွာခြင်း အလွယ်တကူသွားလာနိုင်ခြင်း ပညာရေး၊ကျန်းမာရေးအဆင်ပြေစေနိုင်မည်ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည် ၊ ဘယ်လောက်ပမာဏလုပ်ရမည်) ကျေးရွာတွင်းကွန်ကရစ်တံတား(၂)စင်းဆောက်လုပ်ခြင်းလုပ်ငန်း(၁၆'x၁၄x'x၅')၊(၁၀'x၁၄x'x၃')	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀(ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
• ၁၅၉၀၀၀၀ (ငွေသား)	• ကျေးရွာ
• xxxxxxxxx(ပစ္စည်း/လုပ်အား)	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၃၇၄	၄၂၀	၇၉၄	၃	၁၇	၉၇	၂၀	
အကျိုးခံစားမည့်ဦးရေ	၃၇၄	၄၂၀	၇၉၄	၃	၁၇	၉၇	၂၀	
မှတ်ချက် ။ ချောင်လည်အဆင့်-၁ ၊ အလယ်အလတ်အဆင့်-၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ-၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)

- နောင်ချိုကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၄-၃-၂၀၁၉

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၇-၄-၂၀၁၉

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်-

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီးလုပ်ငန်းအစီအစဉ်ကိုပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။
- တံတားဆောက်လုပ်ရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။
- တွတားပြုပြင်မှုနှင့် ပတ်သတ်၍ ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။
- တံတားပြုပြင်မှု အားမပျက်စီးအောင် ကျေးရွာသူ/ကျေးရွာသားများအားလုံး ထိန်သိမ်းသွားပါမည်။
- တံတားအခြေအနေအားရေရည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက်လိုအပ်သောပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကိုအစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍လုပ်ဆောင်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

မန်ကောင်းမျှူးကျေးရွာအုပ်စု၊ နောင်ချိုကျေးရွာ

စဉ်	အမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	ဦးလှိုင်းဦး	၁၃/တယန(နိုင်) ဝ၅၃ဝ၉၅	၄၅	ဥက္ကဋ္ဌ	
၂	ဦးအိုက်အွမ်	၁၃/တယန(နိုင်) ဝ၅၈ဝ၇၉	၃၅	အဖွဲ့ဝင်	
၃	မောင်အိုက်ရှမ်း	၁၃/တယန(နိုင်)ဝ၅၃ဝ၁၇	၂၇	စာရင်းကိုင်	
၄	ဦးအိုက်ခမ်းလူ	၁၃/တယန(နိုင်)ဝ၇၃ဝ၄၇	၃ဝ	ဘဏ္ဍာရေးမှူး	
၅	ဦးခင်းခမ်းဆွယ်	၁၃/တယန(နိုင်)ဝ၅၂၉ဝဝ	၂၉	သော့ကိုင်	
၆	ဦးပေါ်အီ	၁၃/တယန(နိုင်)ဝ၇၃ဝ၇၉	၃ဝ	သော့ကိုင်	
၇	ဦးအိုက်တာ	၁၃/တယန(နိုင်)ဝ၅၈ဝ၃၃	၄၅	အတွင်းရေးမှူး	

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	ဦးလှိုင်းဦး	၁၃/တယန(နိုင်)ဝ၅၃ဝ၉၅	၄၅	ဥက္ကဋ္ဌ	
၂	ဦးအိုက်အွမ်	၁၃/တယန(နိုင်)ဝ၅၈ဝ၇၉	၃၅	အဖွဲ့ဝင်	
၃	ဦးအိုက်ခမ်းလူ	၁၃/တယန(နိုင်)ဝ၇၃ဝ၄၇	၃ဝ	ဘဏ္ဍာရေးမှူး	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၄	၁၄		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၃	၄၁	၆၄		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၇	၅၇	၁၀၄		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၅၄	၅၈	၁၁၂		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၀၉	၂၀၃	၄၁၂		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃	၅	၈		
စုစုပေါင်း		**၃၄၃**	**၃၆၈**	**၇၁၅**		
စုစုပေါင်း အိမ်ထောင်စု		**၁၃၇**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်(၁)နှစ်အောက်ကလေးငယ်များကိုနှစ်စဉ်လစဉ်နီးစပ်ရာကျေးရွာတွင်နှစ်စဉ်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါသည်။ကျောင်းနေအရွယ်ကလေးများကျောင်းတွင်ပညာသင်ကြားလျက်ရှိပါသည်။သက်ကြီးရွယ်အိုမိဘဘိုးဘွားများမှာစာပေတတ်မြောက်ခြင်းမရှိကြပါ။များသောအားဖြင့်(ရှမ်းစာ၊ယွန်းစာ)ကိုသာအသုံးပြုခဲ့ကြပါသည်။သက်ကြီးရွယ်အိုဘိုးဘွားမိဘများအားရိုသေလေးစားပြုစုစောင့်ရှောက်ကြပါသည်။ကျေးရွာတွင်(ပလောင်)လူမျိုးတစ်မျိုးတည်းသာနေထိုင်ပါသည်။ပလောင်စကားနှင့်(ရှမ်း)စကားကိုသာအပြောများပါသည်။(ဗမာ)စကား(ဗမာ)စာအနည်းငယ်သာပြောဆိုတတ်ကြပါသည်။အိမ်တစ်အိမ်နှင့်တစ်အိမ်နီးစပ်ကြပါသည်။ကျေးရွာတွင်ရိုးရာဝတ်စုံကိုသာဝတ်ဆင်နေထိုင်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရုပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁၃၇	၄၇၆				၂၉၆	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-					-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	-	-				-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၀				၂၀	မြင့် ☐ လတ်☐ နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်	၁	၁				၁	မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-				-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-				-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၀				၁၅	မြင့် ☐ လတ်☐ နိမ့် ☑
၂၀	**အိမ်များတွင် အဋ္ဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း /							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။။ "အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။ နောင်ချိုကျေးရွာတွင်ရာသီလုပ်ငန်းလုပ်ကိုင်ကြရပါသည်။မိုးရာသီတွင်လယ်စပါးစိုက်ပျိုးခြင်း/တောင်ယာစပါးစိုက်ပျိုးခြင်း/ပြောင်းဖူးစိုက်ပျိုးခြင်းတို့တွင်လုပ်သားနေ့စားငှားရမ်းအသုံးပြုကြပါသည်။ဆောင်းရာသီတွင်စပါးရိတ်သိမ်းခြင်း၊စပါးပုံခြင်း၊ပြောင်းဖူးချိုးခြင်းလုပ်ငန်းများကိုလုပ်သားငှားရမ်းလုပ်ကိုင်ကြပါသည်။လယ်စပါး၊တောင်ယာစပါးတို့ကိုသာအဓိကကိုယ်ပိုင်လုပ်ငန်းအဖြစ်လုပ်ကိုင်ကြပါသည်။လက်ဖက်ကိုအားလပ်သောအချိန်တွင်တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပါသည်။အခြားသောလုပ်ငန်းများလုပ်ကိုင်ခြင်းမရှိပါ။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဧယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၀၀၀	၃၅၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၅၀၀၀	၁၀၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-		-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ× ၈)

လေ့လာတွေ့ရှိချက်။။။ နောင်ချိုကျေးရွာတွင်လယ်၊တောင်ယာ၊လက်ဖက်တို့ကိုသာအဓိကစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ တိရိစ္ဆာန်များကိုတစ်နိုင်တစ်ပိုင်မွေးမြူပါသည်။ပါးမွေးမြူခြင်း၊သတ္တုတူးဖော်ခြင်း၊ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းများမရှိပါ။ဆိုင်ကယ်ပြုပြင်ခြင်း၊အပိုပစ္စည်းရောင်းခြင်းအနည်းငယ်ရှိပါသည်။လယ်စပါးစိုက်အငှားလုပ်သား(ကျား၅၀၀၊မ၃၅၀၀) နေ့စားငှားရမ်းရပါသည်။ပြောင်းဖူးပေါင်းရှင်း၊မြေပြင်၊ပြောင်းဖူးချိုး(ကျား၃၅၀၀၊မ၃၀၀၀)နေ့စားလုပ်သားငှားရမ်းကြပါသည်။ အခြားသောလုပ်ငန်းဖြစ်သောသစ်ခုတ်၊အမဲလိုက်ခြင်းဖြင့်လုပ်ကိုင်ကြပါသည်။"ဝ"ဥကိုလည်းအနည်းငယ်စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	**၄၂**	ကောင်း ☐	သင့်☐	ညံ့☑
ယာမြေ / တောင်ယာမြေ	**၁၅**	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	**၁၂၀**	ကောင်း ☐	သင့်☑	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၂၉၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ လယ်မြေသည်အထွက်နှုန်းမကောင်းပါ။တောင်ယာစပါးအသင့်တင့်စိုက်ပျိုးပါသည်။လက်ဖက်အသင့်အတင့်စိုက်ပျိုးပါသည်။အိမ်ခြံမြေတွင်စားပင်များတစ်နိုင်တစ်ပိုင်စိုက်ပျိုးပါသည်။ပြောင်းအနည်းငယ်စိုက်ပျိုးကြပါသည်။တောတောင်များပေါများပါသည်။စားကျက်မြေများကျေးရွာတွင်မရှိပါ။ကွဲ၊နွားတိရိစ္ဆာန်များတောတောင်တွင်ရှာဖွေစားသောက်ကြပါသည်။"ဝ"ဥကိုလည်းအနည်းငယ်စိုက်ပျိုးပါသည်။

(၈-၂) မာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) မာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (မာတ်ဝွေ့ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
ရေ - မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

